သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

နှစ်ပတ်လည်အကြို စာတမ်းဖတ်ပွဲ

# "သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ မြေအသုံးချမှုကိုလေ့လာခြင်း"

စာတမ်းပြုစုသူ

ဒေါ်သောင်းသောင်းဝင်း

ကထိက

စီးပွားရေးပထဝီဝင်ဌာန

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်

# သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ မြေအသုံးချမှုကိုလေ့လာခြင်း

သောင်းသောင်းဝင်း*

## စာတမ်းအကျဉ်း

ယခုစာတမ်းသည် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ မြေအသုံးချမှုကို ရေးသားထားသော စာတမ်းဖြစ်ပါသည်။ သမဝါယမတက္ကသိုလ်ဝန်းအတွင်းတွင် မြသရဖီခန်းမ၊ စာသင်ခန်း၊ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ ရုံးဌာန၊ ဝန်ထမ်းအိမ်ရာ၊ ပါမောက္ခချုပ်အိမ်ရာ၊ ဆရာ၊ဆရာမအဆောင်များစသည့် အဆောက်အဦများ၏ မြေအသုံးချမှု အကျယ်အဝန်းသည် (၂၀၉၈၂၄)စတုရန်းပေ၊ (၄.၈၁၇)ဧကရှိပြီး တက္ကသိုလ်ဧရိယာ စုစုပေါင်း (၂၆.၀၅၂) ဧက၏ (၁၈.၄၉) ရာခိုင်နှုန်း အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် နောင်တွင်တည်ဆောက်မည့် စီမံကိန်းများဖြစ်သည့် စာသင်ဆောင်များ၊ အားကစားကွင်း၊ ဝန်ထမ်းအိမ်ရာအဆောင်များ၊ ပန်းခြံ၊ ဓမ္မာရုံ၊ စားသောက်ဆိုင်များ တည်ဆောက်နိုင်ရန်အတွက် မြေလက်ကျန် မည်မျှရှိသည်ကို သိရှိနိုင်ရန် ဖော်ပြရေးသားထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် တက္ကသိုလ်အတွက် အထောက်အကူပြုရန် ရေးသားသည့် စာတမ်းတစ်စောင် ဖြစ်ပါသည်။

**နိဒါန်း**

သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ (၁၀.၂.၂၀၁၄)ရက်နေ့တွင် ကျင်းပမည့် တက္ကသိုလ်နှစ်ပတ်လည်နေ့အခမ်းအနားအကြို စာတမ်းဖတ်ပွဲအတွက် စာတမ်းပြုစုရန် စာရေးသူသည် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ မြေအသုံးချမှုကိုလေ့လာပြုစုရန် ဆန္ဒရှိလာပါသည်။ ထိုသို့ဆန္ဒရှိလာခြင်းမှာတက္ကသိုလ်၏ဧရိယာသည် ယခင်ဧရိယာထက် ကျယ်ပြန့်လာခြင်း၊ ကျောင်းသား၊ကျောင်းသူဦးရေ များပြားလာခြင်း၊ ဆရာ၊ဆရာမနှင့်ဝန်ထမ်းများပို၍များပြားလာခြင်းစသည်တို့အတွက် လိုအပ်သောအဆောက်အဦများတည်ဆောက်နိုင်ရန်နှင့် ဆောက်လုပ်မည့်အဆောက်အဦများ၏ နေရာများကို ရွေးချယ်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။ ထို့ပြင် လိုအပ်သောစာရင်း၊ ဇယားများကို လွယ်ကူစွာရရှိနိုင်ခြင်း၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ အခြေအနေအရပ်ရပ်မှာ များစွာတိုးတက်ပြောင်းလဲနေခြင်းစသည့် အကြောင်းများကြောင့် စာတမ်းပြုစုရခြင်း ဖြစ်ပါသည်။

---

*ကထိက၊ စီးပွားရေးပထဝီဝင်ဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

## ၁။ စစ်ကိုင်းမြို့နယ်၏ သဘာဝအခြေခံများ

စစ်ကိုင်းမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် ပါဝင်၍ စစ်ကိုင်းတိုင်း၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး၊ မြောက်လတ္တီတွဒ်(၂၁)ဒီဂရီ (၅၅)မိနစ်မှ (၂၂)ဒီဂရီ(၁၅)မိနစ် အကြားနှင့် အရှေ့လောင်ဂျီတွဒ် (၉၅)ဒီဂရီ (၃၇)မိနစ်မှ (၉၆)ဒီဂရီ (၆)မိနစ်အကြားတွင် တည်ရှိသည်။ တစ်နည်းအားဖြင့် မူးမြစ်နှင့် ဧရာဝတီမြစ်ဝှမ်းလွင်ပြင်၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်သည်။

စစ်ကိုင်းမြို့နယ်တွင် မြောက်ဘက်နယ်နိမိတ်မှအပ ကျန်နယ်နိမိတ်အားလုံးသည် မြစ်ကြောင်း နယ်နိမိတ်များ ဖြစ်သည်။ မြောက်ဘက်ပိုင်း၌ ဝက်လက်မြို့နယ် စစ်ကိုင်းတိုင်းကိုလည်းကောင်း၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ပိုင်း၌ မန္တလေးတိုင်းတွင် ပါဝင်သော မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ် ၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တို့ကို လည်းကောင်း ၊ တောင်ဘက်ပိုင်း၌ ငါန်းဇွန်မြို့နယ် စစ်ကိုင်းတိုင်းကိုလည်းကောင်း၊ အနောက်ဘက်ပိုင်း စစ်ကိုင်းတိုင်းတွင်ပါဝင်သော မြင်းမူမြို့နယ်နှင့် အရာတော်မြို့နယ်တို့ကိုလည်းကောင်း အသီးသီးတွေ့ရှိရသည်။

စစ်ကိုင်းမြို့နယ်၏ အရှေ့နှင့်အနောက်အကျယ်မှာ (၂၄)မိုင်ခန့်ရှိပြီး တောင်နှင့်မြောက် အကျယ်မှာ (၂၀)မိုင်ခန့်ရှိ၍ အကြမ်းအားဖြင့် အကွေ့အကောက်နည်းခြင်းကို တွေ့ရသည်။ ထို့ကြောင့် စစ်ကိုင်းမြို့နယ်၏ပုံသဏ္ဍာန်မှာ စုစည်းသောထောင့်မှန်စတုဂံပုံသဏ္ဍာန် အနေအထားတွေ့ရှိရသည်။

စစ်ကိုင်းမြို့နယ်တွင် အရှေ့ဘက်တစ်လျှောက်ရှိ စစ်ကိုင်းတောင်တန်းမှအပ ကျန်အပိုင်း များသည် အများအားဖြင့် မြေနိမ့်လွင်ပြင်ဒေသများဖြစ်သည်။ သို့သော် အချို့နေရာများတွင် လှိုင်းထသည့် မြေမျက်နှာသွင်ပြင် အနည်းငယ်ရှိသည်။ စစ်ကိုင်းမြို့နယ်၏ မြေမျက်နှာသွင်ပြင်ကို အကြမ်းအားဖြင့် အောက်ပါအတိုင်း (၂)ပိုင်းခွဲနိုင်သည်။

(၁) အရှေ့ဘက်ရှိ စစ်ကိုင်းတောင်တန်းဒေသ

(၂) မြေနိမ့်လွင်ပြင်ဒေသ တို့ဖြစ်သည်။

အရှေ့ဘက်ရှိ စစ်ကိုင်းတောင်တန်းသည် မြို့နယ်၏ (၅)ရာခိုင်နှုန်းနီးပါးခန့် ကျယ်ဝန်းသည်။ တောင်တန်းများသည် တောင်မြောက်တန်းလျှက်ရှိသည်။ အနောက်ဘက်ဆုံးတွင် မင်းဝံတောင်တန်းကို စတင်တွေ့ရပြီး အရှေ့ဘက်သို့ နိမ့်ဆင်းသွားကာ ရေခါးရွာ၏မြောက်ဘက် (၁)မိုင်ခန့်အကွာတွင် စစ်ကိုင်းတောင်တန်းနှင့် ပေါင်းဆုံသွားသည်။[၁]

---

[၁] သိန်းကျော်၊၁၉၈၇–စစ်ကိုင်းမြို့နယ်၏ ဒေသန္တရပထဝီဝင်

မြေနိမ့်လွင်ပြင်ဒေသသည် အရှေ့ဘက်ရှိစစ်ကိုင်းတောင်၊ အနောက်ဘက်ရှိ မူးမြစ်နှင့် တောင်ဘက်ရှိ ဧရာဝတီမြစ်အကြားတွင် တည်ရှိပြီး မြို့နယ်ဧရိယာ၏ (၉၅) ရာခိုင်နှုန်းကျော်ခန့် ကျယ်ဝန်းသည်။

စစ်ကိုင်းမြို့နယ်အတွင်း အဓိကစီးဆင်းသော မြစ်များမှာ ဧရာဝတီမြစ်နှင့်မူးမြစ်တို့ဖြစ်သည်။ ဧရာဝတီမြစ်သည် မြောက်မှတောင်သို့ စီးဆင်းရာ စစ်ကိုင်းမြို့နယ်တွင် အရှေ့နယ်နိမိတ်အဖြစ် (၂၅)မိုင်ခန့် စီးဆင်းပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့ကို ပိုင်းခြားထားသည်။ ဧရာဝတီမြစ်သည် စစ်ကိုင်းမြို့နယ် အနီးသို့ ရောက်သောအခါ ပြန့်ပြူးသော မြေပြန့်ကိုဖြတ်၍ စီးဆင်းရသော အပိုင်းဖြစ်သောကြောင့် မြစ်ကြောင်းကျယ်၍ ရေစီးနှေးသဖြင့် မြစ်အတွင်းနှင့် မြစ်ကမ်းများ၌ နုန်းမြေများ ပို့ချထားသည်။ စစ်ကိုင်းမြို့ကို လွန်သောအခါ ဧရာဝတီမြစ်ကမ်း နှစ်ဖက်လုံးသည် ပြန့်ပြူးသဖြင့် ရေကြီးချိန်တွင် ရေလျှံသော ရေလွှမ်းလွင်ပြင် ဖြစ်စေသည်။ ဤရပ်ဝန်းသည် မိုင်ဝက်မှ (၅)မိုင်ခန့် အထိ ကျယ်ပြန့်ပြီး သဲနုန်းများ ဖုံးလွှမ်းလျှက်ရှိသည်။

မူးမြစ်သည် စစ်ကိုင်းမြို့နယ်၏ အနောက်ဘက်နယ်နိမိတ်တစ်လျှောက် မြောက်မှတောင်သို့စီးဆင်းရာ ရွှေလှေကျေးရွာအနီး ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။ မြစ်ရိုးတစ်လျှောက် မိုးဥတု၌သာလှေများဖြင့်သွားလာနိုင်သည်။ မိုးဥတုတွင် မူးမြစ်သည် ရေလျှံတတ်ပြီး မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများ၊ စိုက်ပျိုးမြေများကို ရေလွှမ်းတတ်သည်။ မြစ်ကမ်းနှင့် မြစ်ကမ်းတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများ၏ ပုံသဏ္ဍာန်နှင့်ဧရိယာမှာလည်း ပြောင်းလဲတတ်သည်။ ရေလျှံခြင်းကြောင့် သီးနှံစိုက်ခင်းများ တစ်ခါတစ်ရံပျက်စီးတတ်သော်လည်း နုန်းမြေများပို့ချမှုကြောင့် မြေဩဇာ ကောင်းသည်။ မူးမြစ်တစ်လျှောက်တွင် ကိုင်းမြေများရှိသည်။

စစ်ကိုင်းမြို့နယ်၌ မိုးရွာပြီးစတွင်သာ ရေရှိသည့်ချောင်းခြောက်ငယ်ကလေးများ အများအပြားရှိသည်။ စစ်ကိုင်းမြို့နယ်မြောက်ဖျားပိုင်းတွင် စစ်ကိုင်းတောင်မှ ချောင်းဖျားခံသော ချောင်းသာချောင်းသည် အနောက်မှ အရှေ့သို့ စီးဆင်းပြီး ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။ အရှေ့ပိုင်းတွင် စစ်ကိုင်းတောင်တန်းနှင့် ရွှေတောင်ကုန်းမှ ချောင်းဖျားခံသောချောင်းများမှာ ရေမျက်ကြီးအင်းအတွင်းသို့ စီးဝင်သည်။

အင်းအိုင်များတွင် ရေမျက်ကြီးအင်းသည် စစ်ကိုင်းမြို့နယ်အတွင်း အကြီးဆုံးအင်း ဖြစ်သည်။ မြို့နယ်အရှေ့ပိုင်း စစ်ကိုင်းတောင်တန်းနှင့် ရွှေတောင် တောင်ကုန်းတို့ အကြား မန္တလေး-မြစ်ကြီးနား မီးရထားလမ်း၏ အနောက်တွင်ရှိသည်။[၁]

---

[၁] သိန်းကျော်၊၁၉၈၇-စစ်ကိုင်းမြို့နယ်၏ ဒေသန္တရပထဝီဝင်

ရေပြင်အကျယ်ဆုံးအချိန်တွင် (၁၀၀၀၀) ဧကခန့် ကျယ်ပြန့်သည်။ ၎င်းအင်းသည် မြေလွှာကျွံကျမှုကြောင့် ဖြစ်ပေါ်လာသော အင်းဖြစ်သည်ဟု သိရသည်။ ရေခါးအင်းသည် စစ်ကိုင်းမြို့မြောက်ဘက် (၇)မိုင်ခန့်ဝေးသော ကျောက်တာကျေးရွာနှင့် ရေခါးကျေးရွာအကြား၌ ရှိသည်။

ကောင်းမှုတော်အင်းသည် စစ်ကိုင်းမြို့၏ အနောက်မြောက်ဘက် (၅)မိုင်ခန့် အကွာ တွင်ရှိ၍ တန္တီးအင်းဟုလည်း ခေါ်တွင်သည်။ ထိုအင်းသည် မိုးအခါ၌ ဧရာဝတီမြစ်နှင့် ဆက်စပ်လျှက်ရှိသည်။ ကောင်းမှုတော်အင်းသည် ကောင်းမှုတော်ဘုရားအတွက် အုတ်ဖုတ်ရာမှ ဖြစ်ပေါ်လာသော အင်းဖြစ်သည်။[၁]

## ၂။ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) နောက်ခံသမိုင်း

စစ်ကိုင်း၊ ကချင်၊ ချင်းပြည်နယ်တိုင်းသမဝါယမသင်တန်းကျောင်းကို (၁၀.၁.၁၉၈၂)ရက်တွင် စတင်တည်ထောင်ခဲ့ပါသည်။ သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ ဝန်ထမ်းများအတွက် လုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ စာရင်းကိုင်သင်တန်း၊ အခြေခံစီမံခန့်ခွဲမှုသင်တန်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆွေးနွေးပွဲ၊ စာရင်းစစ်သင်တန်းများ ဖွင့်လှစ်ခဲ့ပြီး တိုင်းသမဝါယမအသင်းစု၊ မြို့နယ်သမဝါယမအသင်းစု၊ အခြေခံသမဝါယမအသင်းများမှ အမှုဆောင်ဝန်ထမ်းများအား ကွင်းဆင်းနည်းပေးလမ်းပြလုပ်ငန်းသင်တန်း၊ အရောင်းစျေးသည်သင်တန်း၊ အမှုဆောင်စီမံခန့်ခွဲမှုသင်တန်း၊ သိုလှောင်ရုံမှူးသင်တန်း၊ ကျွမ်းကျင်မှု သင်တန်းများကို ဖွင့်လှစ်သင်ကြား ပေးခဲ့ပါသည်။

သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ၂၀၀၈ခုနှစ် မူလဧရိယာ အကျယ်အဝန်းမှာ (၂၁.၄၁)ဧကကျယ်ဝန်း၏။ ၂၀၁၃ခုနှစ်တွင် ကျောင်းဝန်းနှင့် တဆက်တည်း တည်ရှိသည့် စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေဧရိယာ(၂.၇၁၄)ဧကနှင့် စက်မှုဝန်ကြီးဌာန ဝါလုပ်ငန်းပိုင်မြေဧရိယာ(၁.၉၂၈)ဧကအား လွှဲပြောင်းလက်ခံခဲ့သဖြင့် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ စုစုပေါင်း ဧရိယာအကျယ်အဝန်းမှာ (၂၆.၀၅၂) ဧကရှိပါသည်။

(၁၀ .၆ .၁၉၉၃) ရက်တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံ ပညာရေးကော်မတီ အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ (၂၆.၈.၁၉၉၆) ရက်တွင် သမဝါယမကောလိပ် (စစ်ကိုင်း) အဖြစ်အဆင့်တိုးမြှင့်၍ (၁၇.၉.၁၉၉၆) ရက်တွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။[၂]

---

[၁] သိန်းကျော်၊၁၉၈၇–စစ်ကိုင်းမြို့နယ်၏ ဒေသန္တရပထဝီဝင်

[၂] သမိုင်းမှတ်တမ်း (၁၁.၁၀.၂၀၁၃)

သမဝါယမကောလိပ်(စစ်ကိုင်း)မှ

- စီးပွားရေးလုပ်ငန်း စာရင်းကိုင်ပညာ ဒီပလိုမာ (Diploma in Business Accounting)
- စီးပွားရေး စီမံခန့်ခွဲမှုပညာ ဒီပလိုမာ (Diploma in Business Management)
- ရောင်းဝယ်ရေး စီမံခန့်ခွဲမှုပညာ ဒီပလိုမာ (Diploma in Marketing Management)

(၂)နှစ် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သမ္မတကြီး၏ စစ်ကိုင်းမြို့ ခရီးစဉ်၌ သမဝါယမ ကောလိပ် (စစ်ကိုင်း)သို့ လာရောက်၍ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများအား ကျောင်းဝန်းအတွင်းရှိ မြသရဖီခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားခဲ့ပြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် (၁၂.၂.၂၀၁၂)ရက်နေ့တွင် သမဝါယမကောလိပ်(စစ်ကိုင်း)အား သမဝါယမတက္ကသိုလ်(စစ်ကိုင်း) အဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပါသည်။

သမဝါယမတက္ကသိုလ်(စစ်ကိုင်း)အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၃၁.၅.၂၀၁၂)ရက်တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၂)မှ သမဝါယမ တက္ကသိုလ်(စစ်ကိုင်း)၏ ဖွဲ့စည်းပုံကို အတည်ပြုခဲ့ပြီး သမဝါယမဝန်ကြီးဌာနမှ (၂၁.၆.၂၀၁၂) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၉/၂၀၁၂)ဖြင့်သမဝါယမတက္ကသိုလ်(စစ်ကိုင်း)သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။[၁]

**သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ဌာနခွဲအလိုက် ဝန်ထမ်းအင်အားစာရင်းချုပ်**

**ဇယား(၂.၁) သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏(၂၀၁၂-၂၀၁၃)ခုနှစ်အဆင့်မြင့် စီမံဝန်ထမ်းအင်အား**

| စဉ် | အုပ်ချုပ်ရေးဌာန<br>ဌာနခွဲ/ဌာနစု | အရာထမ်း | အမှုထမ်း | ပေါင်း |
|---|---|---|---|---|
| ၁။ | ပါမောက္ခချုပ် | ၁ | - | ၁ |
| ၂။ | ဒုတိယ ပါမောက္ခချုပ် | ၁ | - | ၁ |
| | စုစုပေါင်း | ၂ | - | ၂ |

**အဆင့်မြင့်စီမံဝန်ထမ်းအင်အားသည် တက္ကသိုလ်ရှိစုစုပေါင်း အရာထမ်းအင်အား၏ (၃.၁၃)ရာခိုင်နှုန်း ရှိပါသည်။**

[၁] ကျောင်းသားရေးရာဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

ဇယား(၂.၂) (၂၀၁၂-၂၀၁၃)ခုနှစ် သင်ကြားရေးဌာန ဝန်ထမ်းအင်အား

| စဉ် | ဌာနခွဲ/ဌာနစု | ပါမောက္ခ | တွဲဖက်ပါမောက္ခ | ကထိက | လ/ထ ကထိက | နည်းပြ | အခြား |
|---|---|---|---|---|---|---|---|
| ၁။ | မြန်မာစာဌာန | ၁ | ၁ | - | - | ၂ | ၁ |
| ၂။ | အင်္ဂလိပ်စာဌာန | - | ၁ | - | - | ၃ | ၁ |
| ၃။ | သင်္ချာဌာန | ၁ | ၁ | - | - | ၃ | ၁ |
| ၄။ | စီးပွားရေးပထဝီဝင်ဌာန | - | - | ၁ | - | ၂ | ၁ |
| ၅။ | ဥပဒေပညာဌာန | - | ၁ | ၂ | ၁ | ၂ | ၁ |
| ၆။ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာန | - | - | ၂ | ၁ | ၄ | ၁ |
| ၇။ | သမဝါယမပညာဌာန | - | ၂ | ၄ | - | ၂ | ၁ |
| ၈။ | ဘောဂဗေဒဌာန | ၁ | ၁ | ၂ | - | ၂ | ၁ |
| ၉။ | ဝါဏိဇ္ဇဗေဒဌာန | - | - | ၅ | - | ၃ | ၁ |
| ၁၀။ | စာရင်းအင်းပညာဌာန | ၁ | - | ၅ | - | ၃ | ၁ |
| ၁၁။ | စီမံခန့်ခွဲမှုပညာဌာန | ၁ | ၁ | ၅ | - | ၃ | ၁ |
| | စုစုပေါင်း | ၅ | ၈ | ၂၆ | ၂ | ၂၉ | ၁၁ |

သင်ကြားရေးဌာနများတွင် စုစုပေါင်းအရာထမ်းအင်အားသည် တက္ကသိုလ်ရှိ အရာထမ်းအင်အား စုစုပေါင်း၏ (၆၄.၀၆) ရာခိုင်နှုန်းရှိပြီး စုစုပေါင်းအမှုထမ်းအင်အားသည် တက္ကသိုလ်ရှိ အမှုထမ်းအင်အား စုစုပေါင်း၏ (၂၆.၁၄) ရာခိုင်နှုန်း ရှိပါသည်။[၁]

[၁] စီမံရေးရာဌာန၊သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

ဇယား(၂.၃) (၂၀၁၂–၂၀၁၃)ခုနှစ် စီမံခန့်ခွဲရေးဌာန၏ ဝန်ထမ်းအင်အား

| စဉ် | ဌာနခွဲ/ဌာနစု | အရာထမ်း | အမှုထမ်း | ပေါင်း |
|---|---|---|---|---|
| ၁။ | စီမံဌာနခွဲ | ၃ | – | ၃ |
| ၂။ | ဝန်ထမ်းရေးရာဌာနခွဲ | ၁ | ၁၆ | ၁၇ |
| ၃။ | နယ်မြေဌာနခွဲ၊ နယ်မြေအင်ဂျင်နီယာဌာနစု | ၁ | ၆၀ | ၆၁ |
| ၄။ | ဘဏ္ဍာရေးဌာနခွဲ | ၂ | ၁၄ | ၁၆ |
| ၅။ | အင်ဂျင်နီယာဌာနခွဲ | ၁ | ၁၄ | ၁၅ |
| | စုစုပေါင်း | ၈ | ၈၄ | ၉၂ |

စီမံခန့်ခွဲရေးဌာနတွင်စုစုပေါင်းအရာထမ်းအင်အားသည် တက္ကသိုလ်ရှိအရာထမ်းအင်အားစုစုပေါင်း၏ (၁၂.၉၀) ရာခိုင်နှုန်းရှိပြီး စုစုပေါင်း အမှုထမ်းအင်အားသည် တက္ကသိုလ်ရှိ အမှုထမ်းအင်အား စုစုပေါင်း၏ (၅၄.၉၀) ရာခိုင်နှုန်း ရှိပါသည်။

ဇယား(၂.၄) (၂၀၁၂–၂၀၁၃)ခုနှစ် သင်တန်းရေးရာဌာနခွဲ၏ ဝန်ထမ်းအင်အား

| စဉ် | ဌာနခွဲ/ဌာနစု | အရာထမ်း | အမှုထမ်း | ပေါင်း |
|---|---|---|---|---|
| ၁။ | ကျောင်းသားရေးရာဌာနခွဲ | ၅ | ၁၀ | ၁၅ |
| ၂။ | စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲ | ၂ | ၄ | ၆ |
| ၃။ | စာကြည့်တိုက်ဌာနခွဲ၊ စာကြည့်တိုက်ဌာနစု | ၂ | ၃ | ၅ |
| ၄။ | နိုင်ငံတကာဆက်ဆံရေး | – | ၂ | ၂ |
| ၅။ | အားကစားဌာနစု | – | ၃ | ၃ |
| | စုစုပေါင်း | ၉ | ၂၂ | ၃၁ |

သင်တန်းရေးရာဌာနတွင် စုစုပေါင်း အရာထမ်းအင်အားသည် တက္ကသိုလ်ရှိ အရာထမ်းအင်အားစုစုပေါင်း၏ (၁၄.၀၆) ရာခိုင်နှုန်းရှိပြီး စုစုပေါင်း အမှုထမ်းအင်အားသည် တက္ကသိုလ်ရှိ အမှုထမ်း အင်အားစုစုပေါင်း၏ (၁၄.၃၈) ရာခိုင်နှုန်း ရှိပါသည်။[၁]

[၁] စီမံရေးရာဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

ဇယား (၂.၅) (၂၀၁၂–၂၀၁၃)ခုနှစ် သုတေသနနှင့်ဖွံ့ဖြိုးမှုဌာန၏ ဝန်ထမ်းအင်အား

| စဉ် | ဌာနခွဲ/ဌာနစု | အရာထမ်း | အမှုထမ်း | ပေါင်း |
|---|---|---|---|---|
| ၁။ | သုတေသနဌာနနှင့်ဖွံ့ဖြိုးမှုဌာန | ၄ | ၇ | ၁၁ |

သုတေသနနှင့်ဖွံ့ဖြိုးမှုဌာနတွင် စုစုပေါင်းအရာထမ်းအင်အားသည် တက္ကသိုလ်ရှိ အရာထမ်းအင်အား စုစုပေါင်း၏ (၆.၄၅) ရာခိုင်နှုန်းရှိပြီး စုစုပေါင်း အမှုထမ်းအင်အားသည် တက္ကသိုလ်ရှိ အမှုထမ်းအင်အားစုစုပေါင်း၏ (၄.၅၈) ရာခိုင်နှုန်း ရှိပါသည်။

၂၀၁၂–၂၀၁၃ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ပညာ သင်ကြားရေးစတင်ပြီး သမဝါယမ တက္ကသိုလ် (စစ်ကိုင်း)ကို ၂၀၁၂–ခုနှစ် ဒီဇင်ဘာ(၅)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ ပထမနှစ် ကျောင်းသား၊ ကျောင်းသူပေါင်း(၃၀၆)ဦး၊ ဒုတိယနှစ်ကျောင်းသား၊ ကျောင်းသူပေါင်း(၃၃၇)ဦး၊ တတိယနှစ် ကျောင်းသား၊ ကျောင်းသူပေါင်း (၅၇၈)ဦးတက်ရောက် ပညာသင်ကြားခဲ့ပါသည်။ ၂၀၁၂–၂၀၁၃ပညာသင်နှစ် ပထမအကြိမ် (Bachelor of Business Science (B.Bsc)) ဘွဲ့ကို ကျောင်းသား၊ ကျောင်းသူ (၅၆၄)ဦးအား ပေးအပ်ခဲ့ပါသည်။

၂၀၁၃–၂၀၁၄ ပညာသင်ကာလတွင် ပထမနှစ် ကျောင်းသား၊ ကျောင်းသူပေါင်း (၂၅၄)ဦး၊ ဒုတိယနှစ် ကျောင်းသား၊ ကျောင်းသူပေါင်း (၂၉၅)ဦး၊ တတိယနှစ် ကျောင်းသား ၊ ကျောင်းသူပေါင်း (၇၂၂)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၁၂၇၁)ဦး တက်ရောက် ပညာသင်ကြားလျှက်ရှိသည်။

ဇယား(၂.၆) သမဝါယမတက္ကသိုလ်(စစ်ကိုင်း)တွင် ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့သူများနှင့် ပါမောက္ခချုပ်တာဝန် ထမ်းဆောင်ခဲ့သူစာရင်း

| စဉ် | အမည် | ရာထူး | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | ဦးချစ်ဆွေ | ညွှန်ကြားရေးမှူး တိုင်းသမဝါယမ ဦးစီးဌာန | ၇–၆–၁၉၉၆ | ၇–၁–၁၉၉၉ | အုပ်ချုပ်ရေးတာဝန် ပူးတွဲထမ်းဆောင်သည်။ |
| ၂ | ဦးကြည်ဝင်း | ဒုတိယ ညွှန်ကြားရေးမှူး တိုင်းသမဝါယမ ဦးစီးဌာန | ၇–၁–၁၉၉၉ | ၁၇–၁–၂၀၀၀ | အုပ်ချုပ်ရေးတာဝန် ပူးတွဲထမ်းဆောင်သည်။ |
| ၃ | ဦးကျော်မြင့် | ညွှန်ကြားရေးမှူး | ၁၇–၁–၂၀၀၀ | ၃၁–၇–၂၀၀၀ | ညွှန်ချုပ်ရုံးတွဲဖက် ထမ်းဆောင်သည်။ |

| စဉ် | အမည် | ရာထူး | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၄ | ဦးအောင်မင်း | ညွှန်ကြားရေးမှူး | ၁–၈–၂၀၀၀ | ၂၉–၁၀–၂၀၀၂ | ချင်းပြည်နယ်ရုံးတွင် တွဲဖက် ထမ်းဆောင်သည်။ |
| ၅ | ဦးဟန်စိုး | ဒုတိယ ကျောင်းအုပ်ကြီး | ၃၀–၁၀–၂၀၀၂ | ၆–၁၂–၂၀၀၂ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၆ | ဦးရဲမြင့်အောင် | ကျောင်းအုပ်ကြီး | ၇–၁၂–၂၀၀၂ | ၁၀–၁၀–၂၀၀၅ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၇ | ဦးဟန်စိုး | ဒုတိယ ကျောင်းအုပ်ကြီး | ၁၁–၁၀–၂၀၀၅ | ၃၁–၈–၂၀၀၆ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၈ | ဦးဟန်စိုး | ကျောင်းအုပ်ကြီး | ၁–၉–၂၀၀၆ | ၈–၉–၂၀၀၉ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၉ | ဒေါ်တင့်ဆန်း | ကျောင်းအုပ်ကြီး | ၉–၉–၂၀၀၉ | ၅–၁–၂၀၁၂ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၁၀ | ဦးအောင်သူရ | ဒုတိယ ကျောင်းအုပ်ကြီး | ၅–၁–၂၀၁၂ | ၇–၂–၂၀၁၂ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၁၁ | ဒေါက်တာရီရီဝင်း | ခေတ္တ ကျောင်းအုပ်ကြီး | ၈–၂–၂၀၁၂ | ၅–၄–၂၀၁၂ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၁၂ | ဒေါက်တာရီရီဝင်း | ကျောင်းအုပ်ကြီး | ၆–၄–၂၀၁၂ | ၁၅–၁၀–၂၀၁၂ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၁၃ | ဒေါက်တာရီရီဝင်း | ဒုတိယ ပါမောက္ခချုပ် | ၁၆–၁၀–၂၀၁၂ | ၁၄–၁၁–၂၀၁၃ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |
| ၁၄ | ဒေါက်တာရီရီဝင်း | ပါမောက္ခချုပ် | ၁၅–၁၁–၂၀၁၃ | ယနေ့ထိ | အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်သည်။ |

သမဝါယမကောလိပ် (စစ်ကိုင်း) တွင် ကျောင်းအုပ်ကြီး တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ သူများနှင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ၏ ပါမောက္ခချုပ်တာဝန် ထမ်းဆောင်သူများစာရင်းကို ဇယား(၂.၁)ဖြင့် ဖော်ပြထားပါသည်။

သမဝါယမကောလိပ်(စစ်ကိုင်း)အဖြစ် စတင်ဖွင့်လှစ်စဉ်က ပထမဦးဆုံးသော ကျောင်းအုပ်ကြီးမှာ ဦးချစ်ဆွေ (ညွှန်ကြားရေးမှူး၊ တိုင်းသမဝါယမဦးစီးဌာန) ဖြစ်ပါသည်။ အုပ်ချုပ်ရေးတာဝန် ယူခဲ့သော ကာလမှာ (၇.၆.၁၉၉၆)ရက် မှ (၇.၁.၁၉၉၉)ရက် အထိ ဖြစ်ပါသည်။[၁]

[၁] စီမံရေးရာဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

ဦးကြည်ဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းသမဝါယမဦးစီးဌာန)သည် ကျောင်းအုပ်ကြီး တာဝန်ပူးတွဲ၍ အုပ်ချုပ်ရေးတာဝန်ကို (၇.၁.၁၉၉၉)ရက်မှ (၁၇.၁.၂၀၀၀)ရက်အထိ တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

ဦးကျော်မြင့် (ညွှန်ကြားရေးမှူး၊ တိုင်းသမဝါယမဦးစီးဌာန)သည် ညွှန်ကြားရေးမှူးချုပ်ရုံး တွဲဖက်၍ အုပ်ချုပ်ရေးတာဝန်ကို (၁၇.၁.၂၀၀၀) ရက်မှ (၃၁.၇.၂၀၀၀) ရက်အထိ တာဝန်ထမ်းဆောင် ခဲ့သူ ဖြစ်ပါသည်။

ဦးအောင်မင်း (ညွှန်ကြားရေးမှူး၊ တိုင်းသမဝါယမဦးစီးဌာန)သည် ချင်းပြည်နယ်ရုံးနှင့် တွဲဖက်တာဝန်ထမ်းဆောင်၍ အုပ်ချုပ်ရေးမှူးတာဝန်ကို (၁.၈.၂၀၀၀)ရက်မှ (၂၉.၁၀.၂၀၀၂)ရက် အထိ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ဦးဟန်စိုး (ဒုတိယကျောင်းအုပ်ကြီး)သည် အုပ်ချုပ်ရေးမှူးတာဝန်ကို (၃၀.၁၀.၂၀၀၂) ရက်မှ (၆.၁၂.၂၀၀၂)ရက်နေ့အထိ နှင့်ဒုတိယအကြိမ်အဖြစ် (၁၁.၁၀.၂၀၀၅)ရက်မှ (၃၁.၈.၂၀၀၆)ရက်အထိ အုပ်ချုပ်ရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ တတိယအကြိမ်တွင် ကျောင်းအုပ်ကြီးအဆင့်ဖြင့် (၁.၉.၂၀၀၆)ရက်မှ (၈.၉.၂၀၀၉)ရက်အထိ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

ဦးရဲမြင့်အောင် (ကျောင်းအုပ်ကြီး)သည် (၇.၁၂.၂၀၀၂)ရက် မှ (၁၀.၁၀.၂၀၀၅) ရက်အထိ အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်တင့်ဆန်း (ကျောင်းအုပ်ကြီး)သည် အုပ်ချုပ်ရေးတာဝန်ကို (၉.၉.၂၀၀၉) ရက်မှ (၅.၁.၂၀၁၂)ရက်အထိ ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

ဦးအောင်သူရ (ဒုတိယကျောင်းအုပ်ကြီး)သည် အုပ်ချုပ်ရေးတာဝန်ကို (၅.၁.၂၀၁၂)ရက်မှ (၇.၂.၂၀၁၂) ရက်အထိ ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

ဒေါက်တာရီရီဝင်း (ခေတ္တကျောင်းအုပ်ကြီး)သည် အုပ်ချုပ်ရေးတာဝန်ကို (၈.၂.၂၀၁၂)ရက်မှ (၅.၄.၂၀၁၂) ရက်အထိ ထမ်းဆောင်ခဲ့ပြီး (ကျောင်းအုပ်ကြီးအဆင့်)ဖြင့် အုပ်ချုပ်ရေးတာဝန်ကို (၆.၄.၂၀၁၂)ရက်မှ (၁၅.၁၀.၂၀၁၂) ရက်အထိ တာဝန်ယူခဲ့ပါသည်။ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) အဆင့်သို့ တိုးမြှင့်ပြီးချိန်တွင် ဒေါက်တာရီရီဝင်း (ဒုတိယပါမောက္ခချုပ်)သည် အုပ်ချုပ်ရေး တာဝန်ကို (၁၆.၁၀.၂၀၁၂) ရက်မှ (၁၄.၁၁.၂၀၁၃) ရက်အထိ ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာရီရီဝင်းသည် ပထမဦးဆုံးသော ပါမောက္ခချုပ်အဆင့်ဖြင့် အုပ်ချုပ်ရေးတာဝန်ကို (၁၅.၁၁.၂၀၁၃)ရက်မှ ယနေ့အထိ တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။[၁]

---

[၁] သမိုင်းမှတ်တမ်း၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

၃။ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ မြေအသုံးချမှုကို လေ့လာခြင်း

ကချင်၊ ချင်းနှင့် စစ်ကိုင်းပြည်နယ် တိုင်းသမဝါယမ သင်တန်းကျောင်းကို (၁၀.၁.၁၉၈၂) ရက်နေ့တွင် စတင် တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၈၂–၈၃ခုနှစ်တွင် အဆောက်အဦ (၈)လုံး တည်ဆောက်ပြီးစီးခဲ့ပါသည်။ တည်ဆောက်ခဲ့သောအဆောက်အဦများမှာ မြမဥ္ဇူဆောင်၊ မြစပယ်ဆောင်၊ စာသင်ဆောင်(၁) A၊ စာသင်ဆောင်(၂) B၊ ဧည့်ရိပ်သာ (မြစွယ်တော်)၊ ဝန်ထမ်းအိမ်ရာ (လုံးချင်း)၈လုံး၊ ဝန်ထမ်းအိမ်ရာ(၂လုံးတွဲ)၃လုံး၊ အမျိုးသားထမင်းစားဆောင် (ယခု ဝန်ထမ်းအိမ်ရာ) တို့ဖြစ်ပါသည်။

၁၉၉၀–၉၂ခုနှစ်များတွင် တည်ဆောက်ခဲ့သော အဆောက်အဦမှာ တိုင်းသမဝါယမရုံးအဆောက်အဦဖြစ်ပြီး အုပ်ချုပ်ရေးမှူးရုံးဖြစ်ပါသည်။ ၁၉၉၃–၉၄ ခုနှစ်များတွင် တည်ဆောက်ခဲ့သော အဆောက်အဦမှာ စာသင်ဆောင်(၃) C၊ တိုင်းသမဝါယမရုံးအဆောက်အဦ (ယခု အမျိုးသားသဟာရဆောင်) ဖြစ်ပါသည်။ သမဝါယမကောလိပ်(စစ်ကိုင်း)ကို (၂၆.၈.၁၉၉၆)၊ ခုနှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။ (၁၉၉၆–၉၇) ခုနှစ်တွင် စာသင်ဆောင်(၄) D ကို တည်ဆောက်ခဲ့ပါသည်။ ၁၉၉၇–၉၈ ခုနှစ်တွင် အမျိုးသားအိပ်ဆောင် (၁) (ယခုပါမောက္ခချုပ်အိမ်)၊ အမျိုးသားအိပ်ဆောင် (၂) (ယခုဝန်ထမ်းအိမ်ရာ)နှင့် ဝန်ထမ်းအိမ်ရာ လုံးချင်း(၂)လုံးကို တည်ဆောက် ပြီးစီးခဲ့ပါသည်။ ၁၉၉၈–၉၉ ခုနှစ်တွင် စုဝေးခန်းမဆောင် (မြသရဖီခန်းမ)ကို တည်ဆောက်ပြီးစီးခဲ့ပါသည်။ ၂၀၁၀–ခုနှစ်တွင် မော်တော်ယာဉ်ဂိုဒေါင်၊ လုံခြုံရေးအစောင့်တဲများကိုလည်းကောင်း၊ ၂၀၁၂–ခုနှစ်တွင် မြသဇင်ဆောင်၊ မြဂန္ဓမာဆောင်များတည်ဆောက် ပြီးစီးခဲ့ပါသည်။ (၂၀၁၃)ခုနှစ်မှစ၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် နေအိမ်များကို တည်ဆောက်လျှက် ရှိပါသည်။

သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၏ ဝန်းအတွင်းရှိ အဆောက်အဦများ၏ မြေအသုံးချမှုကို ဇယား(၃.၁)တွင် ဖော်ပြထားပါသည်။ ထို့ပြင် လမ်းမြေအသုံးချမှုကိုလည်း ဖော်ပြထားပါသည်။ တက္ကသိုလ်ဝန်းအတွင်း အဆောက်အဦ၊ လမ်းမြေအသုံးချမှုမှာ ဧရိယာစုစုပေါင်း (၄.၈၁၇)ဧက၊ (၂၀၉၈၂၄) စတုရန်းပေ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

ဇယား၃.၂တွင် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) မြေအသုံးချမှု စာရင်းကို ဖော်ပြထားပါသည်။ ထိုဇယားအရ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၏ ဧရိယာ အကျယ်အဝန်းမှာ (၂၆.၀၅၂)ဧက၊ (၁၁၃၄၈၂၅.၁၂) စတုရန်းပေ ရှိပါသည်။[၁]

---

[၁] နယ်မြေအင်ဂျင်နီယာဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)
ခင်နိုင်မြင့် Land use study of Sagaing Township (1995-96)
သောင်းသောင်းဝင်း Land use of Magway Township (1995-96)

လက်ရှိအသုံးပြုထားသည့် ဧရိယာပမာဏမှာ(၄.၈၁၇)ဧက၊ (၂၀၉၈၂၄)စတုရန်းပေ ရှိသည့်အတွက် ထပ်မံအသုံးချနိုင်သည့် မြေနေရာ ဧရိယာအကျယ်အဝန်းမှာ (၂၁.၂၃၅)ဧက၊ (၉၂၅၀၀၁.၁၂) စတုရန်းပေ ကျန်ရှိနေသည်ကို လေ့လာမှုများမှ သိရှိရပါသည်။


ဇယား ၃.၁ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ မြေအသုံးချမှု (၂၀၁၄)

| စဉ် | နေအိမ်အမျိုးအစား | အလျား× အနံ | အကျယ်အဝန်း (စတုရန်းပေ) | ရာခိုင်နှုန်း | ပြီးစီးသည့်နှစ် |
|---|---|---|---|---|---|
| ၁။ | ပါမောက္ခချုပ်အိမ် | ၅၀' × ၄၀' | ၂၀၀၀ | ၀.၉၅ | ၂၀၁၄ |
| ၂။ | ဒုတိယ ပါမောက္ခချုပ်အိမ် | ၄၀' × ၃၀' | ၁၂၀၀ | ၀.၅၇ | ၂၀၁၄ |
| ၃။ | မြမဥ္ဇူဆောင် | ၂၁၁'× ၄၀' | ၈၄၄၀ | ၄.၀၂ | ၁၉၈၂–၈၃ |
| ၄။ | မြစပယ်ဆောင် | ၂၁၁'× ၄၀' | ၈၄၄၀ | ၄.၀၂ | ၁၉၈၂–၈၃ |
| ၅။ | စာသင်ဆောင်(၁) A | ၉၆' × ၃၆' | ၃၄၅၆ | ၁.၆၅ | ၁၉၈၂–၈၃ |
| ၆။ | စာသင်ဆောင်(၂) B | ၉၆' × ၃၆' | ၃၄၅၆ | ၁.၆၅ | ၁၉၈၂–၈၃ |
| ၇။ | စာသင်ဆောင်(၃) C | ၉၆' × ၃၆' | ၃၄၅၆ | ၁.၆၅ | ၁၉၉၃–၉၄ |
| ၈။ | စာသင်ဆောင်(၄) D | ၉၆' × ၃၆' | ၃၄၅၆ | ၁.၆၅ | ၁၉၉၆–၉၇ |
| ၉။ | ဧည့်ရိပ်သာ(မြစွယ်တော်) | ၅၄' × ၂၀' | ၁၀၈၀ | ၀.၅၁ | ၁၉၈၂–၈၃ |
| ၁၀။ | ဝန်ထမ်းအိမ်ရာ(လုံးချင်း)၈လုံး | ၂၀' × ၃၃' | ၅၂၈၀ | ၂.၅၂ | ၁၉၈၂–၈၃ |
| ၁၁။ | ဝန်ထမ်းအိမ်ရာ(၂လုံးတွဲ)၃လုံး | ၄၀' × ၃၃' | ၃၉၆၀ | ၁.၈၉ | ၁၉၈၂–၈၃ |
| ၁၂။ | အမျိုးသားအိပ်ဆောင်(၁) (ယခုပါမောက္ခချုပ်အိမ်) | ၆၅' × ၃၀' | ၁၉၅၀ | ၀.၉၃ | ၁၉၉၇–၉၈ |
| ၁၃။ | အမျိုးသားအိပ်ဆောင်(၂) (ယခုဝန်ထမ်းအိမ်ရာ) | ၇၀' × ၂၆' | ၁၈၂၀ | ၀.၈၇ | ၁၉၉၇–၉၈ |
| ၁၄။ | အမျိုးသားထမင်းစားဆောင် (ယခုဝန်ထမ်းအိမ်ရာ) | ၃၆' × ၃၃' | ၁၁၈၈ | ၀.၅၇ | ၁၉၈၂–၈၃ |
| ၁၅။ | ဝန်ထမ်းအိမ်ရာ(လုံးချင်း)၂လုံး | ၂၀' × ၃၃' | ၁၃၂၀ | ၀.၆၃ | ၁၉၉၇–၉၈ |

| စဉ် | နေအိမ်အံမျိုးအစား | အလျား× အနံ | အကျယ်အဝန်း (စတုရန်းပေ) | ရာခိုင်နှုန်း | ပြီးစီးသည့်နှစ် |
|---|---|---|---|---|---|
| ၁၆။ | စုဝေးခန်းမဆောင် (မြသရဖီခန်းမ) | ၁၂၀'× ၆၄' | ၇၆၈၀ | ၃.၆၆ | ၁၉၉၈–၉၉ |
| ၁၇။ | တိုင်းသမဝါယမရုံး အဆောက်အဦ (အုပ်ချုပ်ရေးရုံးခန်း) | ၁၄၈'× ၅၁' | ၇၅၄၈ | ၃.၆၀ | ၁၉၉၀–၉၂ |
| ၁၈။ | တိုင်းသမဝါယမရုံး အဆောက်အဦ (ယခုအမျိုးသားသဟာရဆောင်) | ၄၀'× ၃၀' | ၁၂၀၀ | ၀.၅၇ | ၁၉၉၃–၉၄ |
| ၁၉။ | မော်တော်ယာဉ်ဂိုဒေါင် | ၂၄'× ၂၂' | ၅၂၈ | ၀.၂၅ | ၂၀၁၀ |
| ၂၀။ | လုံခြုံရေးအစောင့်တဲ | ၈'× ၈' | ၆၄ | ၀.၀၃ | ၂၀.၅.၂၀၁၀ |
| ၂၁။ | မြသဇင် | ၉၉'× ၄၂' | ၄၁၅၈ | ၁.၉၈ | ၇.၁၂.၂၀၁၂ |
| ၂၂။ | မြဂန္ဓမာ | ၉၉'× ၄၂' | ၄၁၅၈ | ၁.၉၈ | ၇.၁၂.၂၀၁၂ |
| ၂၃။ | လမ်းမြေ (တက္ကသိုလ်မုဒ်ဦးမှဘုရားအထိ) | ၇၇၀'× ၃၁' | ၂၃၈၇၀ | ၁၁.၃၈ | |
| ၂၄။ | လမ်းမြေ–စာသင်ဆောင်ရှေ့ | ၁၅၀၀'× ၁၉' | ၂၈၅၀၀ | ၁၃.၅၈ | |
| ၂၅။ | လမ်းမြေ–ဝန်ထမ်းအိမ်ရာများရှေ့ | ၂၀၀၀'× ၁၇' | ၃၄၀၀၀ | ၁၆.၂၀ | |
| ၂၆။ | ပင်မအဆောက်အဦ | ၂၅၆'× ၁၈၆' | ၄၇၆၁၆ | ၂၂.၆၉ | |
| | စုစုပေါင်း[၁] | | ၂၀၉၈၂၄ | ၁၀၀ | |


[၁] နယ်မြေအင်ဂျင်နီယာဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)
ခင်နိုင်မြင့် Land use study of Sagaing Township (1995-96)
သောင်းသောင်းဝင်း Land use of Magway Township (1995-96)

ပုံ(၃-၁) ယခင်သမဝါယမတက္ကသိုလ်(စစ်ကိုင်း)မြေနေရာနှင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) နယ်မြေအဖြစ် သတ်မှတ်အဆိုပြုလိုသည့်မြောက်ဘက်ဆက်စပ်မြေနေရာ အခြေပြမြေပုံ



၁၃(ခ)

ပုံ(၃-၂) သမဝါယမတက္ကသိုလ်(စစ်ကိုင်း)နယ်မြေအခြေပြမြေပုံ



ဇယား ၃.၂ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ မြေအသုံးချမှု[၁] (၂၀၁၄)

| စဉ် | မြေအသုံးချမှု | အကျယ်အဝန်း | |
|---|---|---|---|
| | | ဧက | စတုရန်းပေ |
| ၁။ | သမဝါယမတက္ကသိုလ်(စစ်ကိုင်း) | ၂၆.၀၅၂ | ၁၁၃၄၈၂၅.၁၂ |
| ၂။ | စုစုပေါင်း – အသုံးချမြေ | ၄.၈၁၇ | ၂၀၉၈၂၄ |
| | ဆက်လက်အသုံးပြုနိုင်သည့်မြေ | ၂၁.၂၃၅ | ၉၂၅၀၀၁.၁၂ |

**ခြုံငုံသုံးသပ်ချက်**

ဤစာတမ်းတွင် လေ့လာတင်ပြထားသော သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ဝန်းအတွင်း မြေအသုံးချမှုတွင် လမ်းမြေအသုံးချမှု (တက္ကသိုလ်မုဒ်ဦးမှဘုရားထိ၊ စာသင်ဆောင်များရှေ့၊ ဝန်ထမ်းအိမ်ရာများရှေ့) ဧရိယာ(၈၆၃၇၀)စတုရန်းပေ၊ (၄၁.၁၆) ရာခိုင်နှုန်း၊ နေအိမ်အတွက် မြေအသုံးချမှု (ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ဝန်ထမ်းအိမ်ရာ လုံးချင်း(၈)လုံး၊ ဝန်ထမ်းအိမ်ရာ (၂လုံးတွဲ)၃လုံး၊ ဧည့်ရိပ်သာ၊ မြသဇင်ဆောင်၊ မြဂန္ဓမာဆောင်၊ ဝန်ထမ်းအိမ်ရာ လုံးချင်း (၂)လုံး၊ အမျိုးသားအိပ်ဆောင် (၁) (ယခုပါချုပ်အိမ်)၊ အမျိုးသားအိပ်ဆောင် (၂) (ယခုဝန်ထမ်းအိမ်ရာ)၊ အမျိုးသား ထမင်းစားဆောင် (ယခုဝန်ထမ်းအိမ်ရာ)၊ အမျိုးသားဆောင် (ယခုသဟာရဆောင်) ဧရိယာ (၂၉၃၁၄) စတုရန်းပေ၊ (၁၃.၉၇) ရာခိုင်နှုန်း ၊ အုပ်ချုပ်ရေးအတွက် မြေအသုံးချမှု (မြမဥ္ဇူဆောင်၊ မြစပယ်ဆောင်၊ စာသင်ဆောင် A,B,C,D)၊ အုပ်ချုပ်ရေးရုံးခန်း၊ ပင်မအဆောက်အဦ၊ စုဝေးခန်းမ) ဧရိယာ (၉၃၅၄၈) စတုရန်းပေ၊ (၄၄.၅၉) ရာခိုင်နှုန်း၊ အခြားမြေအသုံးချမှုမှာ (မော်တော်ယာဉ်ဂိုဒေါင်၊ လုံခြုံရေးအစောင့်တဲ) ဧရိယာ(၅၉၂)စတုရန်းပေ၊ (၀.၂၈) ရာခိုင်နှုန်း အသုံးပြုကြောင်း တွေ့ရှိရပါသည်။ လက်ရှိမြေအသုံးချမှုမှာ (၂၀၁၄) ခုနှစ်တွင် ဧရိယာ(၄.၈၁၇) ဧက၊ (၂၀၉၈၂၄) စတုရန်းပေ အသုံးပြုကြောင်း တွေ့ရှိရပြီး တက္ကသိုလ်တစ်ခုလုံး၏(၁၈.၄၉) ရာခိုင်နှုန်း အသုံးပြုထားပါသည်။ အသုံးမပြုရသေးသော မြေအကျယ်အဝန်းမှာ ဧရိယာ(၂၁.၂၃၅)ဧက၊ (၉၂၅၀၀၁.၁၂) စတုရန်းပေ (သို့) (၈၁.၅၁) ရာခိုင်နှုန်း ကျန်ရှိသည်ကို တွေ့ရှိရပါသည်။

---

[၁] နယ်မြေအင်ဂျင်နီယာဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

ခင်နိုင်မြင့် Land use study of Sagaing Township (1995-96)

သောင်းသောင်းဝင်း Land use of Magway Township (1995-96)

**နိဂုံး**

သမဝါယမတက္ကသိုလ် (စစ်ကိုင်း) သည် ရေရှည်တွင် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ တိုးလာနိုင်သည့်အတွက် တက္ကသိုလ်အတွင်း အားကစားကွင်း၊ နားနေဆောင်၊ အဆောင်များ၊ ဝန်ထမ်းအိမ်ရာများ ထပ်မံ တည်ဆောက်ရမည်ဆိုပါက ယခု တင်ပြထားသော မြေအသုံးချမှုပေါ် အခြေခံ၍ စနစ်တကျ ဆောင်ရွက်သွားပါက တက္ကသိုလ်အတွက် များစွာ အထောက်အကူပြု အကျိုးရှိစေမည်ဖြစ် ပါသည်။

## ကျေးဇူးတင်လွှာ

သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ၏ (၁၀.၂.၂၀၁၄) ရက်နေ့တွင် ကျင်းပမည့် တက္ကသိုလ်နှစ်ပတ်လည်နေ့ အခမ်းအနားအကြို စာတမ်းဖတ်ပွဲတွင် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ၏ မြေအသုံးချမှုကို လေ့လာခြင်းစာတမ်းအား တင်သွင်း ဖတ်ကြားခွင့်ပြုသော ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးအောင်ခိုင်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာမရီအေးတို့အားလည်းကောင်း၊ စာတမ်းတင်သွင်းနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးသော မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ဒေါက်တာသိန်းထွဋ် (ပါမောက္ခ–ငြိမ်း)၊ ဒေါ်ဥမ္မာပပ (တွဲဖက်ပါမောက္ခ–ဌာနမှူး၊ စီးပွားရေးပထဝီဝင်ဌာန) နှင့်မန္တလေးတက္ကသိုလ်မှ ဒေါက်တာအောင်ကိုကို (ကထိက)တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ စာတမ်းဖြစ်မြောက်ရေးအတွက် စာရင်းဇယားများ၊ အချက်အလက်နှင့်မြေပုံများ ကူးယူခွင့်ပြုသော သမဝါယမတက္ကသိုလ်(စစ်ကိုင်း)မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရုံးဝန်ထမ်းများအားလည်းကောင်း၊ စာတမ်းပြုစုနေစဉ်အတွင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော စီးပွားရေးပထဝီဝင်ဌာနမှ ဦးကျော်ထင်(နည်းပြ)၊ ဒေါ်တင်လှ(နည်းပြ)၊ ကွန်ပျူတာစာစီပေးသော ဒေါ်ငြိမ်းငြိမ်းအိ(အငယ်တန်းစာရေး)နှင့် မိတ်ဆွေအပေါင်းအသင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

### ကျမ်းကိုးစာရင်း


၁။ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) – သမိုင်းမှတ်တမ်း (၁၁.၁၀.၂၀၁၃)

၂။ သိန်းကျော် – စစ်ကိုင်းမြို့နယ်၏ ဒေသန္တရ ပထဝီဝင် (၁၉၈၇ – ၈၈)

၃။ သောင်းသောင်းဝင်း – Land use of Magway Township (1995 – 96)

၄။ ခင်နိုင်မြင့် – Land use Study of Sagaing Township (1995 – 96)